## ဥဒါနပါဠိတော် မှတ်စု
## ၂။ မုစလိန္ဒဝဂ်

### ၁။ မုစလိန္ဒသုတ်

**မုစလိန္ဒသတ္တာဟာ၊ ၆ ခုမြောက် သတ္တာဟ** = ကျည်းပင်ရင်းမှာ သီတင်းသုံး ၇ ရက်။

**ဝိဝေကော = ဝိဝေကသုံးပါး**။ ကာယဝိဝေက (သမထ ဝိပဿနာဖြင့် တစ်ကိုယ်တည်း နေထိုင်ခြင်း)၊ စိတ္တဝိဝေက (နီဝရဏကင်းဆိတ်ခြင်း)၊ ဥပဓိဝိဝေက (ကိလေသာ၊ ခန္ဓာ၊ အဘိသင်္ခါရကင်းတဲ့ နိဗ္ဗာန်) (မဟာနိဒ္ဒေသ၊ ၂၀)။

**တစ်နည်း = ဝိဝေက ငါးပါး**။ တဒင်္ဂဝိဝေက၊ ဝိက္ခမ္ဘနဝိဝေက (သမာပတ်ဖြင့် ကိလေသာမှ ကင်းခြင်း)၊ သမုစ္ဆေဒဝိဝေက၊ ပဋိပဿဒ္ဓိဝိဝေက၊ နိဿရဏဝိဝေက (ပဋိသံ၊ ၃၉၃)။

တုဋ္ဌဿ၊ မဂ်ဉာဏ် ၄ ပါးဖြင့် ရောင့်ရဲတတ်၍။ သုတဓမ္မဿ၊ တရားကို ထင်ရှားသိပြီး ဖြစ်လျက်။ ပဿတော၊ ခပ်သိမ်းသော တရားကို သိမြင်ပြီးဖြစ်သော ရဟန္တာပုဂ္ဂိုလ်အား။ ဝိဝေကော၊ နိဗ္ဗာန်ဟူသော ဝိဝေကသည်။ သုခေါ၊ ချမ်းသာ၏။

**အဗျာပဇ္ဇံ သုခံ လောကေ** = လောက၌ အမျက် မထွက်ခြင်း (မေတ္တာပုဗ္ဗဘာဂ)၊ **ပါဏဘူတေသု သံယမော** = သတ္တဝါ အပေါင်းတို့အား မညှဉ်းဆဲမိအောင် စောင့်စည်းခြင်း (ကရုဏာပုဗ္ဗဘာဂ)တို့သည် ချမ်းသာ၏။

**သုခါ ဝိရာဂတာ လောကေ၊ ကာမာနံ သမတိက္ကမော** = ကာမဂုဏ်ကို လွန်မြောက်ခြင်း ဟူသော ရာဂ ကင်းသည့် အဖြစ်သည် ချမ်းသာ၏။ အနာဂါမိမဂ်ကို ရည်ညွှန်းသည်။
**အသ္မိမာနဿ ယော ဝိနယော၊ ဧတံ ဝေ ပရမံ သုခံ** = ငါဟူသော မာန်ကို ဆုံးမနိုင်ခြင်းသည် အမြတ်ဆုံး ချမ်းသာဖြစ်၏။ အရဟတ္တမဂ်ကို ရည်ညွှန်းသည်။

### ၂။ ရာဇသုတ်

ပေးကမ်းခြင်း စသော သင်္ဂဟဝတ္ထု လေးပါးဖြင့် လူအပေါင်းကို နှစ်သက်စေတတ်သောကြောင့် ရာဇ (ဘုရင်၊ မင်း၊ အုပ်ချုပ်သူ၊ အစိုးရ) ဟု ခေါ်သည် (ဥဒါန-ဋ္ဌ၊ ၉၂)။ ဒါန (ပေးကမ်းခြင်း)၊ ပေယျဝဇ္ဇ (ချစ်ဖွယ် စကားကို ဆိုခြင်း)၊ အတ္ထစရိယ (အကျိုးစီးပွားကို ကျင့်ခြင်း)၊ သမာနတ္တတာ (ကိုယ်နှင့် ထပ်တူပြုခြင်း)။

**သန္နိပတိတာနံ ခေါ ဘိက္ခဝေ ဒွယံ ကရဏီယံ ဓမ္မီ ဝါ ကထာ** အရိယော ဝါ တုဏှီဘာဝေါ **(ဥဒါန၊ ၈၉)။**
Bhikkhus, when you gather together, you have two options: discussing the Dhamma or observing noble silence.
စုဝေးနေကြသော ရဟန်းများအဖို့ တရားစကားပြောခြင်း၊ မြတ်သော ဆိတ်ဆိတ်နေခြင်း ဟူသော ဤပြုဖွယ် နှစ်မျိုးကိုသာ ပြုသင့်၏ (ပြုရမည်)။

-----------------------------